# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၁၀–၁၀–၂၀၁၃ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **ပန်သပိ– ပန်ပိဒေသ အတွက် စိုက်ပျိုးရေးနည်းပညာများနှင့် စက်ပစ္စည်းများ ကူညီ ပံ့ပိုးပေးမည့် အစီအစဉ်ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်၏ **စွမ်းအင်ကဏ္ဍ ဆောင်ရွက်ထားရှိမှု နှင့် တိုးတက်မှုအခြေအနေကို ပြည်သူအများသိရှိစေရန်အတွက် ပြန်ကြားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဖောင်းပြင်–ဟုမ္မလင်း၊ ဟုမ္မလင်း– ဖောင်းပြင် လမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန်နှင့် ကိုးတန်ချောင်းကူးတံတားအား ၂၀၁၃–၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်ရုံးနှင့် ခရိုင်ရုံးများတွင် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများအတွက် ဝန်ထမ်းစုပေါင်းအိမ်ရာများကို ၂၀၁၄–၂၀၁၅ ဘတ်ဂျက်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **၂၀၁၄–၂၀၁၅ ပညာသင်နှစ်တွင် မင်းပြားမြို့နယ် သစ်ပုတ်တောင် အခြေခံပညာမူလတန်းကျောင်းအား မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးခုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **နိုဗုံဘော်အထက်တန်းကျောင်းခွဲ ယိုယွင်းပျက်စီးနေသော အဆောက်အဦအား ၂၀၁၄–၂၀၁၅ ခုနှစ်တွင် ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ရင်းမှီးရပ်ကွက်ရှိ ရင်းမှီးအခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ တိုးမြှင့်ပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **“ မြန်မာ အထူးစီးပွားရေးဇုန် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း။

၇။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။